Burmese

# နွေရာသီစခန်း ၂၀၂၄

PARKS AND RECREATION
www.chapelhillparks.org

## မှတ်ပုံခြင်းအကြောင်းအရာ

## မည်သည့်အချိန်တွင် မှတ်ပုံတင်ရမည်နည်း?

နေ့ချိန် နွေရာသီစခန်း နှင့် **Teen X-TREME** စခန်း

- **ဒေသအတွင်းနေထိုင်သူ** : အင်္ဂါနေ့၊ မတ်လ ၁၉ ရက် နံနက် ၈:၃၀ နာရီ
- **ဒေသအတွင်းမနေထိုင်သူ** : ကြာသပတေးနေ့၊ မတ်လ ၂၁ရက်၊ နံနက် ၈:၃၀နာရီ

**အထူးသီးသန့်စခန်းများ**

- **ဒေသအတွင်းနေထိုင်သူ** : အင်္ဂါနေ့၊ ဖေဖော်ဝါရီလ ၆ ရက် နံနက် ၈:၃၀ နာရီ
- **ဒေသအတွင်းမနေထိုင်သူ** : ကြာသပတေးနေ့၊ ဖေဖော်ဝါရီလ ၈ ရက် နံနက် ၈:၃၀ နာရီ

**ကျွန်ုပ်သည်ဒေသခံနေထိုင်သူလား?** အကယ်၍သင်သည် ဩရိမ်းကောင်တီ သို့မဟုတ် ချာပါဟေးမြို့ကန့်သတ်ချက်များတွင် သင်၏ပိုင်ဆိုင်မှုနေရာ သို့မဟုတ် နေထိုင်ပါက၊ ဒေသခံနေထိုင်သူဖြစ်သည်။ သင်မသေချာပါက၊ ကျွန်ုပ်တို့ကိုဆက်သွယ်ပါ သင်အားကျွန်ုပ်တို့မှကူညီပေးမည်။

**နေ့ချိန်နွေရာသီစခန်းများနှင့် အထူးသီးသန့်စခန်းများသည် မည်သို့ခြားနားချက်များရှိသည်ကို ပြောနိုင်မည်နည်း?** Hargraves Center, the Community Center, McDougle နှင့် Teen X-TREME နေရာများသည် တနေ့လုံးကျင်းပတ်မည့် နေ့ချိန် နွေရာသီခန်းများဖြစ်သည်။ Teen X-TREME စခန်းများသည် D.I.Y. Makers နှင့် ALL Start Sports များဖြစ်သည်။ Camp Guide တွင်ရှိသော အခြားစခန်းများသည် အထူးစခန်းများဖြစ်သည်။

## မည်သို့မှတ်ပုံတင်စာရင်းသွင်းရမည်နည်း

စာရင်းသွင်းရန်အကောင်းဆုံးနည်းလမ်းမှာအွန်လိုင်းဖြစ်သည်။ ကျွန်ုပ်တို့သည် နေ့ချိန်နွေရာသီစခန်းများ အတွက်ကိုယ်တိုင်လာရောက်စာရင်းသွင်းသည့် နေ့ကို ရရှိနိုင်သော်လည်း စခန်းနေရာကန့်သတ်ထားပြီး အွန်လိုင်းတွင် စာရင်းသွင်း ရန် အမြန်ဆုံးနည်းလမ်းဖြစ်သည်။

- **သင်၏ကလေးသည် တစ်ပတ်လျှင် တစ်ရက်လုံး စခန်းသွင်းခြင်းအတွက် စောင့်ဆိုင်းစာရင်းတွင်သာ စာရင်းသွင်းနိုင်ပါသည်။** ဥပမာ၊ အကယ်၍ သင်သည် **Community Center** ၏ **Week B** တွင် စာရင်းသွင်းထားပြီးပါက၊ **Hargraves Camp** ၏ **Week B** အတွက် စောင့်ဆိုင်းစာရင်းတွင် မပါဝင်နိုင်ပါ။

**အွန်လိုင်း :** webtrac.townofchapelhill.org တွင် မည်သည့်စခန်းမဆို စာရင်းသွင်းနိုင်ပါသည်။ အကယ်၍သင်သည် ယခင်ကစာရင်းသွင်းဖူးပါက၊ သင်၏အကောင့်ရှိထားပြီးဖြစ်သည်။ မရှိပါက၊ အကောင့်စတင်လုပ်ဆောင်ရန် လိုအပ်ပါသည်။ **ကျွန်ုပ်တို့သည် အကောင့်အသစ်များအားလုံးကို ကိုယ်တိုင်**

**အတည်ပြုရမည်ဖြစ်သဖြင့်၊ စာရင်းသွင်းမည်ရက်မတိုင်မီသင့်၏အကောင့်ကို စတင်လုပ်ဆောင်ပေးပါ!**

**လူကိုယ်တိုင်စာရင်းသွင်းခြင်း (နေ့ချိန် နွေရာသီစခန်းထဲသာ)** : မိမိကိုယ်တိုင် စာရင်းသွင်းရန်လိုအပ်ပါသလား? မတ်လ ၁၉ ရက်အင်္ဂါနေ့ နံနက် ၈:၃၀တွင် လာရောက်စာရင်းပေးသွင်းနိုင်ပါသည်။ chapelhillparks.org ရှိ အသေးစိတ်အကြောင်းအရာများကို ကျေးဇူးပြု၍ဖတ်ပါ။ လာရောက်စာရင်းပေးသွင်းခြင်းသည် မိသားစုတစ်စုတည်းသာ စာရင်းပေးသွင်းနိုင်ပါသည်။ သင်၏မိသားစုနှင့်အတူအခြားမိသားစုအတွက် စာရင်းသွင်း၍မရပါ။

## အပြုအမူမျှော်လင့်ချက်များ

စခန်းတက်ရောက်သူတိုင်း နှင့် ပါဝင်ဝန်ဆောင်မှုများကိုလက်ခံရရှိသူများသည် စခန်းတွင် သင့်လျော်သောလမ်းစဉ်အတိုင်း ပြုမူရမည်။ ၎င်းတို့သည် အခြား စခန်းချသူများနှင့် ဝန်ထမ်းများအပေါ်ခင်မင်ရင်းနှီးမှု၊ ကောင်းသောအားက စားစွမ်းရည်နှင့် ယဉ်ကျေးပျူငှာမှုတို့ကို ပြသနိုင်မည်ဟု ကျွန်ုပ်တို့မျှော် လင့်ပါသည်။
စခန်းတက်ရောက်သူများသည် အခြားသူများ၏လူမှုအခွင့်အရေးများကို လေးစားလိုက်နာရန်လိုအပ်ပြီး ပျော်ရွှင်မှု၊ ဘေးကင်းမှု၊ နှင့်အခြားသူများ၏ ပါဝင်ဆောင်ရွက်မှုများကိုဖယ်ထုတ်၍မရပါ။ စခန်းတွင်ပါဝင်သူများ၏ အပြုအမူသည် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ သို့မဟုတ် အခြားသူများ၊ ဝန်ထမ်းများ၊ သို့မဟုတ်ကိုယ့်ကိုယ်ကို အန္တရာယ်ဖြစ်စေပါက၊ ၎င်းတို့ကို ကျွန်ုပ်တို့၏ အစီအစဉ်များနှင့် လှုပ်ရှားမှုများမှ ဖယ်ရှားရပေမည်။

## မည်သို့ပေးဆောင်ရမည်နည်း

**နေ့ချိန်နွေရာသီစခန်း နှင့် Teen X-TREME စခန်းများအတွက် စာရင်းသွင်းသောအခါတွင် ကလေးတစ်ဦးလျှင်အနည်းဆုံး $၁၀ ပေးဆောင်ရပါ မည်။** သို့သော်လည်း၊ အထူးစခန်းများအတွက် လိုအပ်ငွေများကို ကျွန်ုပ်တို့မှ ယူနိုင်သောကြောင့် မှတ်ပုံတင်ရာတွင် ငွေပမာဏအပြည့်ပေး ဆောင်ရပါမည်။ သင့်အိမ်ထောင်စုအကောင့်တွင် ခရက်ဒစ်တစ်ခုရှိပါက၊ သင်မည်ကဲ့သို့ စာရင်းသွင်းသည်ဖြစ်စေ စခန်းတစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းအတွက် ပေးချေရန် ၎င်းကို အသုံးပြုနိုင်ပါသည်။

**အွန်လိုင်း :** အွန်လိုင်းတွင်စာရင်းသွင်းသည့်အချိန် Visa, MasterCard, သို့မဟုတ် American Express ကတ်ဖြင့် ပေးချေနိုင်ပါသည်။

**လူကိုယ်တိုင်သွား၍ပေးချေခြင်း :** သင်ငွေသားဖြင့်ပေးချေနိုင်သည်။ ချက်လက်မှတ်အသုံးပြုပါက Town of Chapel Hill (ဓာတ်ပုံ ID လိုအပ်သည်) သို့ရေးသားခြင်း၊ သို့မဟုတ် လူကိုယ်တိုင် စာရင်းသွင်းသည့်အခါ Visa၊ MasterCard သို့မဟုတ် American Express ကပ် အသုံးပြုခြင်း။

## စခန်းအတွက်ပေးဆောင်ရန် အကူအညီလိုအပ်ပါသလား ?

ကျွန်ုပ်တို့၏ စခန်းများ၊ လှုပ်ရှားမှုများနှင့် ကျွန်ုပ်တို့၏ငွေကြေးကူညီမှုအစီအစဉ်မှတဆင့် ဖြတ်သန်းခွင့်အများစုအတွက် လျှော့ဈေးကို သင်ရနိုင်သည်။ ဤအစီအစဉ်သည် ဒေသမှနေထိုင်သူများအတွက်သာဖြစ်ပြီး သင်၏လျှော့ဈေးပမာဏသည် သင့်ဝင်ငွေနှင့် အိမ်ထောင်စုအရွယ်အစားအပေါ် အခြေခံမည်ဖြစ်သည်။

စခန်းသွင်းငွေပေးချေမှု အကူအညီရယူရန်၊ ငွေကြေးအကူအညီ လျှောက်လွှာကို ဖြည့်စွက်ပြီး **မတ်လ ၆ ရက်**နေ့ နောက်ဆုံးထားပြီး ပေးပို့ပါ။ သင်၏လျှောက်လွှာကို **parksrec@townofchapelhill.org** သို့ အီးမေးလ်ဖြင့် သို့မဟုတ် ကျွန်ုပ်တို့၏ အုပ်ချုပ်ရေးရုံးရှိ **dropbox** သို့ ပြန်လည်ပေးပို့နိုင်ပါသည်။ သင်၏လျှောက်လွှာပေါ် ရှိ ဆက်သွယ်ရန်အချက်အလက်သည် မှန်ကန်ပြီး ပြည့်စုံကြောင်း သေချာစွာဖြည့်စွက်ပါ။ သင်၏လျှောက်လွှာ မပြည့် စုံပါက သင့်ထံ ကျွန်ုပ်တို့ မဆက်သွယ်နိုင်လျှင် သင်အကူအညီကို ရရှိနိုင် မည်မဟုတ်ပါ။

အကြောင်းအရာများပိုမိုသင်ယူနိုင်ရန် **chapelhillparks.org** တွင် လျှောက်လွှာကိုဒေါင်းလုဒ်လုပ်နိုင်သည်။ "အခကြေးငွေ၊ ငွေကြေးအ ကူအညီနှင့် ဖောင်များ" ကိုနှိပ်ပါ။

**အချို့သော အထူးပြုစခန်းများသည် ငွေကြေးအကူအညီအစီအစဉ်များ မပါဝင်ပါ။** သင်၏ လျှော့ဈေး ရနိုင်ပြီး သေချာရန် စာရင်းမသွင်းမီ သင့်စခန်း၏ ဖော်ပြချက်များကို သေချာစွာဖတ်ပါ။

## မည်သို့ပယ်ဖျက်ရမည်နည်း

သင်၏စခန်းစာရင်းသွင်းခြင်းများကို ပယ်ဖျက်ရန် လိုအပ်ပါသလား? ပြဿနာမရှိပါ။ စခန်းရက်သတ္တပတ်မစတင်မီ အနည်းဆုံး 14 ရက်အလိုတွင် သင်သည် ကျွန်ုပ်တို့အား စာဖြင့်အကြောင်းကြားပါက သင့်အား ပြန်အမ်းငွေ ပေးနိုင်ပါသည်။ ပယ်ဖျက်ရန် parksrec@townofchapelhill.org သို့ အီးမေးလ် ပို့ခြင်း သို့မဟုတ် စခန်းဝန်ထမ်းများ သို့မဟုတ် ကျွန်ုပ်တို့၏ အုပ်ချုပ်ရေးမှူးရုံးသို့ စာဖြင့် အသိပေးပါ။

သင့်ကလေးသည် စာဖြင့်မပယ်ဖျက်ပါက တစ်ပတ်အတွင်းစခန်းသို့မလာရောက်ပါက၊ သင်၏ငွေကြေးအကူအညီ ဆုံးရှုံးသွားနိုင်ပါသည်။